"…. အရပ်ရှစ်မျက်နှာတွင် အလုပ်အကိုင် အမျိုးမျိုးဖြင့် လှည့်ပတ်သွားလာကာ ဗဟုသုတ အမျိုးမျိုးတည်းဟူသော ပန်းဝတ်ရည်တို့ကို စုပ်ယူ စုဆောင်းလာသော မော်ဘီဆရာသိန်းကြီး၏ ပျားအုံစာတမ်းများသည် အဖိုး မဖြတ်နိုင်လောက်အောင်ပင် ရှိတော့၏။ ဤစာတမ်းများကို ဖတ်နေရသောအခါ ကျွန်ုပ်တို့၏ စိတ်သည် ပစ္စုပ္ပန်ခေတ်မှ ထွက်ပျံသွား၍ ရှေးခေတ်ထဲရှိ ဆရာတော်ကြီးများ၊ မင်း မောင်းမမိသံများ၊ ပညာရှိ မှူးမတ်များ၊ စာဆိုတော်များ အကြားတွင် လူးလာတဲ့ပယ် နေကာ ပညာများရည်တို့ကို သောက်ယူနေသကဲ့သို့ ရှိတော့သည်။ …."

– ဝါသဝ၏ 'စာကောင်း ဖတ်လိုသူတို့သို့'၊ ရှေးဖြစ်စာတမ်းနှင့် ရှေးဟောင်းရှေးဖြစ်စာတမ်း၊
ဂျွန်း လောက(ဖေဖော်ဝါရီ ၁၉၃၆)၊ စာ ၄၈ …မှ။

"…. ဗဟုသုတ ရှာမှီးစုဆောင်းလိုသူတို့အတွက် အထူးသဖြင့် မှတ်သားလောက်အောင် ဝန်ခင်း ဘိုးရာဇာ၏ ပညာဗဟုသုတ ဆည်းပူး အကျိုးခံစားရပုံ အစရှိသော ပုံပြင်၊ ရာဇဝင်တို့ဖြင့် ဖော်ပြ ရေးသား(ထားရာ)…. ရာဇဝင်၊ ပုံပြင်၊ ဗဟုသုတတို့ကို ရှာဖွေ စုဆောင်းသူတိုင်း လူ တစ်ယောက်လျှင် တစ်အုပ်ကျစီ အမြဲ ဝယ်ယူကြည့်ရှု မှတ်သားထိုက်ပေသည်။ …."

– အယ်ဒီတာ၏ 'စာအုပ် ရည်ညွှန်းချက်များ'၊ ရှေးဟောင်း ရှေးဖြစ်စာတမ်း၊
တိုးတက်ရေးမဂ္ဂဇင်း(ဒီဇင်ဘာ ၁၉၃၅)၊ စာ ၁၁၆ …မှ။

"နှောင်းဖြစ်စာတမ်း စာအုပ်မျိုးတွင် ပါသော မိဖုရား မမြလေးအကြောင်း၊ မော်ကွန်းအကြောင်း စသော တိုလီမိုလီ အကြောင်းအရာများ။ …. ထိုစာများတွင် ဗဟုသုတ ဖြစ်ဖွယ်လည်း ပါ၏။ ကမောက်ကမ ရယ်ဖွယ်သက်သက်လည်း ပါ၏။ လောကသဘာဝ၊ လူ့သဘာဝ ဆင်ခြင်စရာ စာမျိုးစုံနေလေသည်။"

– တိုက်စိုး၏ 'မော်ဘီ ဆရာသိန်း'၊ ဂျွန်း ဝင်စာဆို ပညာရှိလေးဦး (၂၀၀၃)၊
စာ ၃၆–၃၇ …မှ။

မော်ဘီဆရာသိန်း [၁၈၆၂–၁၉၄၂]

မော်ဘီမြို့နယ် မင်းရွာ၌ အဖ လယ်သူဌေးကြီး ဦးရွှေကြွ၊ အမိ ဒေါ်ငွေတို့က ၃၁ မတ် ၁၈၆၂ တနင်္လာနေ့တွင် မွေးသည်။ မွေးချင်း လေးဦးတွင် ဒုတိယမြောက်သား၊ ငယ်မည် မောင်ဖိုးသိန်း ဖြစ်သည်။

မင်းရွာ ကိုရွှေမိတ်ထံတွင် သင်ပုန်းကြီး၊ ဦးပိုက်ထံတွင် အခြေခံ ဘာသာရေး သင်ရိုးစာများ၊ ကန်ကုန်းဘုန်းကြီး ဦးဝဏ္ဏထံတွင် ပရိတ်ကြီးနှင့် ဇာတ် အဋ္ဌကထာ နိဿယများကို လေ့လာခဲ့သည်။ သန်လျင် ညောင်ပိုင်းကျောင်း(သိမ်ကျောင်း) ဘုန်းကြီး ဦးနန္ဒမာလာထံတွင် ဘာသာရေး စာများသာ မက ပို့၊ ကဗျာ၊ လင်္ကာ၊ ဗေဒင်စာ၊ မွေသတ်နှင့် ဦးပုညဝတ္ထု တရားစာများကိုပါ ဖတ်ရှုခဲ့သည်။ ပြဇာတ်ရေးဆရာ ရွှေနေ ဦးပုတ်နီထံတွင် ပြဇာတ် သဘောသဘာဝကို လည်းကောင်း၊ မလွန်မင်းသားကြီး၏ အကြီးတော် ဦးသံမိုထံတွင် နန်းတွင်းရေး၊ ရာဇဝင်ရေး ဗဟုသုတများကို လည်းကောင်း၊ ရွှေနေ ဦးရေးထံတွင် မြန်မာစာပေဆိုင်ရာကို လည်းကောင်း၊ ဟင်္သာတ ဆရာမဲ့ထံတွင် ကဗျာလင်္ကာ အကြောင်းကို လည်းကောင်း၊ ပျဉ်းမနား တောအုပ်ကြီး ဦးပန်းခွေးထံတွင် ရကန်မျက် ဦးလန်း၏ ကဗျာများအကြောင်းကို လည်းကောင်း၊ သံချိုဆရာ ဦးကျော်လှထံတွင် သံချိုအကြောင်းကို လည်းကောင်း ဆည်းပူးခဲ့သည်။ ရန်ကုန်မြို့ အင်းစိန် ရွာမကျောင်း ဘုန်းကြီး ဦးနာရာ၊ ရကန် ဆရာကြွေတို့ထံ၌ လောကီ၊ လောကုတ် ဗဟုသုတများ ရှာမှီးသည်။ စေသူ့ရ ဗဟုသုတအလို့ငှာ မြန်မာပြည်အနှံ့ ခရီးဆန့်ခဲ့သည့်ပြင် ယိုးဒယား၊ ခင်းမယ် အထိ သွားရောက်ခဲ့သည်။

ကိုနန်း၊ ဆယ်နစ်သား အဖွယ်ကာပင် နွားကျောင်း၊ ကျွဲကျောင်း၊ ဆိုင်းလှည်း၊ ထမင်းပို့ အလုပ်များ ကို စပါးပေး လုပ်ကိုင်ခဲ့သည်။ ဟံသာဝတီအရေးပိုင် အယ်လင်၏ ဘဏ္ဍာစိုး၊ ကြေးတိုင်ဝန် ပါရှော့ထံတွင် စာပွဲထိုး၊ ဟံသာဝတီ ကြေးတိုင်ရုံး လျှောက်လွှာစာရေး (၁၅ ဧပြီ ၁၈၈၀)၊ အင်းမြို့ တရားမမြို့အုပ်ရုံး တံဆိပ်ခေါင်းရောင်း စာရေး(၁၈၈၄)၊ မော်ဘီ မြို့အုပ်ရုံး ၃ စာရေး(၁၈ မတ် ၁၈၈၅)၊ ကွမ်းခြံကုန်း မြို့အုပ်ရုံး စာရေးအဖြစ် အမှုထမ်းခဲ့ပြီး ၁၃ ဧပြီ ၁၈၉၆ တွင် အလုပ်မှ ထွက်ခဲ့သည်။ ထို့နောက် ဟံသာဝတီပုံနှိပ်တိုက်တွင် စာပြင်၊ မြန်မာနိုင်ငံ ကျည်း ကျောက်စာရုံး၌ ကျောက်စာ အဖတ်၊ အရေး၊ ပျဉ်းမနားတွင် သစ်စက်သူဌေး ကိုယ်စားလှယ် (၁၉၀၀ ပြည့်)၊ မဟာဗောဓိသတင်းစာ၊ ဈေးဝတီပုံနှိပ်တိုက်၊ အင်္ဂလိပ် မြန်မာ ပုံနှိပ်တိုက်များတွင် လည်း လုပ်ကိုင်ခဲ့သည်။ မြန်မာနိုင်ငံ သုတေသနအသင်းအတွက် စာဟောင်း၊ ပေဟောင်း စုဆောင်းရှာဖွေသူ၊ ၁၉၁၆–၁၇ မြန်မာအညွှန်းပေါင်းကျမ်း စုဆောင်းရေး အကြံပေး ဘုတ်အဖွဲ့တွင် လက်ထောက်အယ်ဒီတာ အဖြစ် အမှုထမ်းခဲ့သည်။

၁၈၈၀ ပြည့်နှစ်တစ်ဝိုက် ပဲခူး ကြေးတိုင်ရုံး စာရေးလေးဘဝတွင် "ထွန်းဖေ ဝှန်းဖေ"အမည်ရှိ ပြဇာတ်တစ်ပုဒ်ကို စမ်းရေးခဲ့သည်။ ထင်ရှားသော စာအုပ်များမှာ **ဓေါရာဇာဒီပနီ [ပထမတွဲ]** (၁၈၉၆)၊ **[ဒုတိယတွဲ]**(၁၉၁၃)၊ **ခွန်းစရွှာနှင့် မင်းသမီး ညားပုံ [ပျူလေးလုံး ပုံပြင်စာတမ်း]** (၁၉၂၃)၊ **ဂီတလင်္ကာဒီပနီ** (၁၉၂၄)၊ **ပါးစပ်ရာဇဝင် [ပထမတွဲ]**(၁၉၂၆)၊ **[ဒုတိယတွဲ]** (၁၉၂၇ ခန့်)၊ **ဘုရားသမိုင်းပေါင်းချုပ်** (၁၉၃၄)၊ **ရှေးဖြစ်စာတမ်း** (၁၉၃၅ ခန့်)၊ **ရှေးဟောင်းရှေးဖြစ် စာတမ်း** (၁၉၃၅ ခန့်)၊ **ဘိန်းပုံရာဇာနှင့် ကွမ်းပုံကုမ္မာပြဇာတ် [တည်းဖြတ်]**(၁၉၃၆)၊ **နှောင်းဖြစ် စာတမ်း**(၁၉၃၇ ခန့်)၊ **စကားပဒေသာစာတမ်း၊ အရွှေးလွှယ်အိတ်၊ ဗိုင်းနားမင်္ဂလာစာတမ်း**(၃ ကြိမ်၊ ၁၉၅၃)၊ **ဗဟုသုတ ဟင်းလေးအိုး**(၁၉၅၄)နှင့် **မြန်မာဇာတ်ပွဲသဘင်နှင့် မြန်မာပြဇာတ် စာအုပ်များ**(၁၉၆၅)တို့ ဖြစ်ကြသည်။

၁ ဇန်နဝါရီ ၁၉၄၂ ခု ညနေ ၆ နာရီ ၂၅ မိနစ်တွင် မော်ဘီမြို့မှာ ကွယ်လွန်သည်။

ပိုင်းနိုင်းမြို့စားမင်းကြီး ဦးယံ

ဦးမြိန်

ရေနံချောင်းဝန်ကြီး ဦးစို

ဦးပွား

အပိုင်း[က]

ရှေးဖြစ်စာတမ်း

ဟံသာဝတီ ဦးဘရင်၏ အမှာ

ကျွန်တော်သည် မော်ဘီဆရာသိန်းကြီးနှင့် ရင်းနှီးချစ်ခင် အကျွမ်းဝင်သော မိတ်ရင်းဆွေရင်း တစ်ယောက်ဖြစ်ပါသည်။ ရှေးဟောင်း မြန်မာစာပေနှင့် နှောင်းဖြစ် မြန်မာစာပေတို့အပြင် ရာဇဝင် ကဗျာလင်္ကာတို့ကိုလည်း ဆွေးနွေးခဲ့ဖူးသူ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာကြီး၏ စိတ်နေသဘောထားနှင့် ပညာ အရည်အချင်းတို့ကို တော်တော်ပင် အတွင်းကျကျ သိခဲ့ရပါသည်။ ဆရာသိန်းကြီး ရေးသား မှတ်တမ်းတင်ခဲ့သမျှသော စာပေများ အနက် ဤ "ရှေးဖြစ်စာတမ်း" သည် ဆရာကြီး၏ ကိုယ်တွေ့ကဲ့သို့ လက်လှမ်းမီရာ ရှေးရှေးသော ပညာရှိကြီးများနှင့် အဆင့်ဆင့် ဆွေးနွေးရာမှ ရရှိခဲ့သော ဗဟုသုတများ ဖြစ်ပါသည်။

စက်တင်ပုံနှိပ်ပြီးသော ရှေးဟောင်းစာပေများတွင် မပါဝင်သေးသော အချက်အလက် အကြောင်းအရာပေါင်း မြောက်မြားစွာကို ဤ "ရှေးဖြစ်စာတမ်း" တွင် တွေ့မြင်ဖတ်ရှု ရပါလိမ့်မည်။ ထို့ကြောင့် ရှေးဟောင်းစာပေ လိုက်စားသူ သုတေသီများနှင့် ရာဇဝင် သုတေသီများအတွက် တန်ဖိုးရှိလှသည့်ပြင် ဟာသ ရသ အဋ္ဌာလင်္ကာရ ဂုဏ်မြောက်အောင် ရေးသားပြုစု ရှာဖွေစုဆောင်းထား သဖြင့် စာဖတ်သူတို့၏ ဟဒယနှလုံးသွေးကို အပြုံးဆေး ပက်ဖျန်းသော စာအုပ်ကောင်း တစ်အုပ် ဖြစ်ပါသည်။

စာပေကို အစော်အတန် ဝါသနာ ပါသူများပင်လျှင် ဤ "ရှေးဖြစ် စာတမ်း" ကို လက်မလွှတ်နိုင်ဘဲ ဆက်ကာဆက်ကာ သိချင် ဖတ်ချင် မှတ်ချင်

ကြသည်။ ဤစာအုပ်သည် မြန်မာ့ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တကို တိုးတက်၍ လာအောင် ဖန်တီးပေးနိုင်သော စာအုပ်ကောင်းတစ်အုပ်လည်း ဖြစ်ပေသည်။

စင်စစ်အားဖြင့် ဤ "ရှေးဖြစ်စာတမ်း"သည် ပုံနှိပ်ပြီး ဖြစ်သော ရာဇဝင် ရှေးဟောင်းစာပေတို့၌ ပါဝင်ခွင့် မရှိသေးသော်လည်း တစ်ဦးနှင့် တစ်ဦး ရင်းနှီးခင်မင်၍ သူငယ်ချင်းရောင်းရင်းတို့ ဖက်လဲတကင်း ပြောဆိုကြ ရာမှ ဖြစ်ပေါ်လာသော ရှေးဟောင်းရာဇဝင် အကြောင်းအရာများ ဖြစ်သည်။ အဆိုပါ ရှေးဟောင်းစာပေ အကြောင်းအရာများကို နိုက်နိုက်ချွတ်ချွတ် ရှာရှာဖွေဖွေ စုပေါင်းဖော်ပြထားသော စာအုပ်ကောင်းတစ်အုပ် ဖြစ်ကြောင်းကို ဆရာကြီးနှင့် ရင်းနှီးစွာ နှီးနှောရရှိခဲ့သော အချက်တို့ဖြင့် လည်းကောင်း၊ ကိုယ်တိုင် ဖတ်ရှုပြီးသော အချက်တို့ဖြင့်လည်းကောင်း ရေးသားဖော်ပြလိုက် ရခြင်း ဖြစ်ပါသတည်း။

ဟံသာဝတီ ဦးဘရင်
၁၅-၅-၆၈

နိဒါန်း

လောက၌ ရှေးက သိုမြှုပ်ထားသော ရတနာ ရွှေ ငွေတို့ တည်နေရာသည် ဥစ္စာသိုက်ဟု ခေါ်ကြ၏။ ထိုဥစ္စာသိုက်ကို စောင့်နေသူကို ဥစ္စာစောင့်ဟု ခေါ်ကြ၏။ သိုက်စာအရ လိုက်၍ ရှာဖွေတူးသောသူကို သိုက်ဆရာလို့ ခေါ်ကြ၏။ ထိုသိုက်ဆရာသည် ဥစ္စာစောင့်ကိုနိုင်မှ ဥစ္စာကိုရမည်ဖြစ်၍ ဆေးဖယောင်းတိုင် မီးထွန်းခြင်း၊ သိမ်ပနက်သဲ၊ သိမ်ဝင်ချည်မန်းကွင်း၊ သိမ်ဝင်သပိတ်ကွဲ အင်းတို့ဖြင့် စီမံပြုလုပ် ဂါထာ မန်းမှုတ်ခြင်း စသည်ဖြင့် လုံ့လထုတ်သည် ရှိသော် ဥစ္စာစောင့်သည် မခံ မရပ်နိုင်အောင် ဖြစ်ပြီးလျှင် ဥစ္စာများကို ပေးအပ်ရ သကဲ့သို့ ထိုရတနာ ရွှေငွေတို့ထက် အဖိုးမဖြတ်နိုင်အောင် ထိုက်တန်လှသော လောကီလောကုတ္တရာ ပညာဗဟုသုတ ဥစ္စာရတနာ တိုက်ကြီးကို သိမ်းဆည်း သိုသိပ် လုံခြုံစောင့်ထိန်းနေရသော ဥစ္စာစောင့်နှင့်တူသော ကျွန်ုပ် မော်ဘီ ဆရာသိန်းအား ဗဟုသုတလိုက်စားသူ ပညာသိုက်ဆရာနှင့်တူသော ရန်ကုန်မြို့ ဖော်တင်လမ်း ပဲရောင်းရှင် ကုမ္ပဏီတိုက်ပိုင် ကိုဆန်နီသည် ဆေးဖယောင်း တိုင်၊ သိမ်ပနက်သဲ၊ သိမ်ဝင်ချည်မန်းကွင်း၊ သိမ်ဝင်သပိတ်ကွဲ အင်း စသည်တို့ နှင့် တူသော ထူးကဲသော ကြည်ညိုလေးမြတ်သော မေတ္တာနှောင်ကြိုးဖြင့်ချည်၍ တောင်းသောကြောင့် ထိုချည်နှောင်သော မေတ္တာကြိုးကြီးကို မဖြေမဖြတ်နိုင်ပါ သဖြင့် အဖိုးထိုက်တန်လှသော "ရှေးဖြစ်စာတမ်း" ဥစ္စာတုပ်ကြီးကို သိုမြှုပ်မထား နိုင်ဘဲ ထုတ်ဖော်ကာ ပေးရပါသတည်း။ ချမ်းသာပါစေသောဝ်။

❑

မာတိကာ

အပိုင်း[က] ရှေးဖြစ်စာတမ်း

- ဟံသာဝတီ ဦးဘရင်၏ အမှာ ၁၃
- နိဒါန်း ၁၅
- ပဏာမ ၁၆

အခန်း (၁) ဆွေးနွေးခန်း
သဒေဝိယ အမိပ္ပာယ် ၃၀

အခန်း (၂) ဆွေးနွေးခန်း
၁။ ဒုတိယ သာသနာပိုင် မောင်းထောင်ဆရာတော် ၄၂
၂။ သာသနာပိုင် စလင်းဆရာတော် ၄၆
၃။ သာသနာပိုင် သဲအင်းဆရာတော် ၅၁
၄။ သာသနာပိုင် ဗားကရာဆရာတော် ၅၄
၅။ သာသနာပိုင် မင်းအိုဆရာတော် ၆၂
၆။ သာသနာပိုင် မန်လည်ဆရာတော် ၆၃
၇။ သာသနာပိုင် ဆုံထားဆရာတော် ၆၃
၈။ သာသနာပိုင် မင်းရွာဆရာတော် ၆၄

အခန်း (၃) ဆွေးနွေးခန်း
၉။ တာမွဲဆရာတော် ၇၂
၁၀။ ဥညားကျွန်းတော ၇၆
၁၁။ ချောင်းကောက်ဆရာတော် ၈၂
- ဆုတောင်း ၉၁

အခန်း (၄) သူရိယမဂ္ဂဇင်း ဆောင်းပါးများ
၁၂။ ရှေးက ဆားချက်လုပ်ငန်း ၁၀၃

၁၃။ ဆယ်ရေး တစ်ရေး ကိုးရေး တစ်ရာ ၁၀၉
၁၄။ ရှေးရှေးက သဘင်ပညာ ၁၁၁
၁၅။ ရှေးက ပြက်လုံးများ ၁၁၃
- ကိုဖူးညို စင်မှ ပြက်လုံးများ ၁၁၃
- ဆရာစံကြီး စင်မှ ပြက်လုံးများ ၁၁၄
- ဆရာရိုက်ကြီး စင်မှ ပြက်လုံးများ ၁၁၆
- မင်းသမီးမောင်ပု စင်မှ ပြက်လုံးများ ၁၁၇
- ဆရာထုံးကြီး ဇာတ်ပြက်လုံးများ ၁၂၀
- အောင်ဗလ ဇာတ်ပြက်လုံးများ ၁၂၂
- ကိုဖူးညို ရုပ်သေးပြက်လုံးများ ၁၂၂
၁၆။ လော်ကာနန္ဒာကန် ၁၂၄
၁၇။ ပြင်မှုရွှေဘုရား ၁၂၄
၁၈။ ဗောဓိပင်ပွားစေတီ ၁၂၇
၁၉။ ရေနံချောင်းမင်းကြီး ဦးစို ၁၃၀
၂၀။ အမိန့်တော် ရာဇသံ ၁၃၈
၂၁။ လကျွန်းပြည်မြို့ ၁၄၂
၂၂။ ဟံသာဝတီ စစ်တမ်း ၁၄၇
- နိဂုံး သံချို ၁၆၁

အပိုင်း[ခ] နှောင်းဖြစ်စာတမ်း

- နိဒါန်း ၁၆၃

အခန်း (၁) သမားတော်ကြီး အိမ်၌ ဗဟုသုတမင်္ဂလာစည်းဝေးကြခြင်း
- လှဦးမင်း ဆို ကွမ်းယာ ကွမ်းသွေးဖွဲ့ ၁၇၀
- မိုးသူတော် ဦးမင်း ဆို ကွမ်းဖွဲ့ ၁၇၀
- မြင်းမူစာဆို ဆရာကိုထွန်းသာ ဆို ကိုင်းယာဖွဲ့ ၁၇၁
- ပုဇွန်တောင် ဆရာစာ၏ ခွန်းထောက် ၂ ပုဒ် ၁၇၃
- ဂဏန်းခေါ်ခြင်း လင်္ကာ ၁၇၇
- လှိုင်ထိပ်ခေါင်တင် ရေး ဒိုချင်း အမျိုးတစ်ပုဒ် ၁၇၈
- အနောက်နန်းမတော် မမြကလေး၏ ပုလဲသံ ခေါ်
လေးဆစ်ချိုးကလေး ၁၈၀
- မြောက်နန်းမိဖုရား၏ ရွှေနားတော်သွင်း သီချင်း ၂ ချိုး ၁၈၈
- ကောင်းမြောက်ဆယ်လေးရပ် တေးထပ် ၁၈၈
- သံဝရမြို့ထွက် လင်္ကာ ၁၉၃
- ဆေးကုသမား ဆရာတို့ မည်သည်ကား ၂၀၀
- လောကသာရ ဆုံးမစာ(ပုံနှိပ်မှု)နှင့် ဝပ်လျှိုး၍ ၂၀၆
- ပိဋကတ်တော်အုပ် မိုင်းနိုင်းဝန် ဦးယံ၏ ခေတ်အလိုက်
စာသင်ပုဂ္ဂိုလ်တို့အား ဖွဲ့ဆိုသော သီချင်း ၂၁၁
- မြေဖြူကျင်း နံမင်း ဦးမောင်၏ ကဗျာများ ၂၁၂
- သာသနာပိုင် မောင်းထောင်ဆရာတော် ၂၁၆
- ညောင်ရမ်းကိုယ်တော်ကြီး ၂၁၉

အခန်း (၂) နောက်တစ်နေ့ သမားတော်မင်း အိမ်၌ စည်းဝေး
ကြသော အခမ်းအနား
- သာသနာပိုင် ဦးညေယျ ၂၂၆
- ကျွမ်းမြပုဂ္ဂိုလ် ၄ ပါး အမည် ၂၃၁
- အမိန့်တော်ရမင်း ဦးပုတ်နီ၏ တေးထပ် ၂၃၃
- ခွေးတို့၏ အကျင့် ၆ ပါး ၂၃၆
- ခွေး ကြန်အင်္ဂါ ၂၃၈
- သတ္တာသဟဿ ဂါထာ ၄ ပုဒ် ၂၄၀
- ဆရာပွား၏ မရဏာသတိမော်ကွန်း ၂၄၇
- ဆရာပွား၏ မော်ကွန်းအကြောင်းနှင့်ဝပ်လျှိုး ပြန်ကြားချက် ၂၄၉
- ဆရာပွား၏ မရဏာသတိမော်ကွန်းနှင့် ဝပ်လျှိုးသည်ကို
လွယ်အိတ်ဆရာက မေးကြောင်း ၂၅၆
- ဆရာပွားက အရွှေးလွယ်အိတ်ဆရာထံ အကြောင်းကြားစာ ၂၆၀
- သင်္ဂီတဆရာတော်ဘုရားကြီး ၂၆၈
- အညာသားနှင့် အကြေသား စကားနိုင်လုပွဲ ၂၇၁
- မိမိ မတတ် မကျွမ်းကျင်သည်ကို ဝန်ခံသည့်အတွက်
ဒုတိယ ပညာမင်းကြီး မစ္စတာဝိုက် သုံးကြိမ်ချီးမွမ်းခြင်း ၂၇၄
- ကန်တော့ခံရခြင်း အကြောင်း ၂၇၅

- မန္တလေးမြို့ မြန်မာ့တာရာသတင်းစာတိုက် ဆရာဖြိုက
မော်ဘီဆရာသိန်းကြီး တစ်နေ့အလို့ အချိန်မဖြန်း
အလုပ်လုပ်ကြောင်း ကြည်ညို ရှိသေသဖြင့် ဥဒါန်းပြုသော
သံပေါက်လင်္ကာ ၂၇၆
- ဆုတောင်း ၂၇၇
- နိဂုံး သံချို ၂၇၈

အပိုင်း[ဂ] ရှေးဟောင်း ရှေးဖြစ် စာတမ်း

- နိဒါန်း ၂၇၉

အခန်း (၁) ဝန်စာရေးကြီး အိမ်၌ ဆွေးနွေးကြခြင်း
(က) မိုးသူတော်ဦးမင်း၏ လေးချိုးကြီး ၂၈၂
(ခ) ဝန်ခင်းဘိုးရာဇာအကြောင်း ၂၈၅
- မင်းကြီးစွာစော်ကဲ ၂၈၈
- မိတ်ဆွေများ လာရောက်ခြင်း ၂၉၃
- အင်းဝမြို့သို့ သွားခြင်း ၂၉၄
- သွားသော ခရီးစဉ် ၂၉၅
- ဝိဇ္ဇရမြို့ထွက် သာဓုနရတာရေး လင်္ကာ ၂၉၉
- ပင်လယ်မြို့ လေးထပ်ရွှေကျောင်းဆရာတော် ၃၀၂

အခန်း (၂) စာဆိုတော်မင်း အိမ်၌ ဆွေးနွေးကြခြင်း
- စည်းတာပြစ် ၃၀၉
- ရမည်းသင်းမြို့စား သီလဝအကြောင်း ၃၁၂
- တောင်ဘီလာဆရာတော် အကြောင်း ၃၁၅
- ပခန်းကြီးမြို့ ရွှေကုန်းပင်ဆရာတော်နှင့် တွေ့ခန်း ၃၁၉
- ပထမံကိုယ်တော် ၃၂၇

အခန်း (၃) ဝန်စာရေးကြီးအိမ် စည်းဝေးခန်း
- ဆီးတောဆရာတော် အကြောင်း ၃၃၃
- ရှင်အရိယာဝံသဆရာတော် အကြောင်း ၃၃၆
- ရေငုံဆရာတော် အကြောင်း ၃၃၈
- ဦးကာကျော် အမည် ၃၄၀
- ပထမ ကျော်အောင်စံထားဆရာတော် ၃၄၂
- ဂရုမွေဇာတ်တော် ၃၄၅
- ကုဏ္ဍာဖြစ်ရှိသော အချက်များ ၃၅၀
- ဂရုမွေတရား ငါးပါး ၃၅၀
- ဒုတိယ ကျော်အောင်စံထားဆရာတော် ၃၆၁

အခန်း (၄) နားခံတော်မင်း အိမ်၌ ဗဟုသုတ စည်းဝေး၍ တတိယ
ကျော်အောင်စံထား ဆရာတော်အကြောင်း ပြောပြခြင်း
- စတုတ္ထ ကျော်အောင်စံထားဆရာတော် အကြောင်း ၃၈၂
- ဆူးတွင်းပစ်ဆရာတော် ၃၈၃
- ဆူးတွင်းပစ်ဆရာတော် အဖဒါယကာကြီးနှင့် ပြန်ခန်း ၃၈၆
- စတုရင်္ဂဗလ အမတ်ကြီး ၃၈၈
- ငခုံဆရာတော် အကြောင်း ၃၈၉
- မှတ်ရန် ၃၉၆